ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်၊ တနင်္လာနေ့၊ (23-8-2010) (၆၄၉၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပတော့မည့်ရွေးကောက်ပွဲကြီးသည် နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီး ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှ ဆန့်ကျင်တိုက်ဖျက် အနာဂတ်နိုင်ငံတော်အတွက် လူကောင်းလူတော်များ၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်လိုသူများအား ဦးနှောက်ဖြင့် စဉ်းစားရွေးချယ်

နေပြည်တော် ဩဂုတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ပြည်(ရွှေတံခါး)- တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း၏ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးဘူတာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ်အကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၃-၈-၂၀၁၀
(တနင်္လာနေ့)

သန့်ရှင်းလတ်ဆတ်သော သဘာဝလေရှူရှိုက် အသက်ရှူလမ်းကြောင်းပိုင်း ကျန်းမာမှု ဂရုပြု

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးလိုအပ်ချက်မှာ ကျန်းမာရေးဖြစ်သည်။ လူတိုင်း အသက်ရှည်ကျန်းမာရေးအတွက် သန့်ရှင်းလတ်ဆတ်သောလေကို ပြည့်ပြည့်ဝဝ ရှူရှိုက်နေကြရန်လိုအပ်သည်။

ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု မရှိခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်သည်ကို လူအများစုက သိရှိကြသည်။ သို့သော် အဆောက်အအုံ၊ အလုံပိတ်အခန်းများ၊ လုပ်ငန်းခွင်များအတွင်း လေထုညစ်ညမ်းမှုဖြစ်စေသည့် အန္တရာယ်များကိုမူ သတိပြုမိသူ နည်းပါးနေသေးသည်။

နေအိမ်အဆောက်အအုံများအတွင်းရှိ ဆေးလိပ်ငွေ့၊ ဖုန်မှုန့်များ၊ ဇက်တီးရီးယားပိုးမွှားများ၊ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်ရှိလာသောအနံ့အသက်များကြောင့် လေထုသန့်ရှင်းမှုကို ထိခိုက်စေသည်။ ထို့အပြင် ထင်းမီး၊ မီးသွေးနှင့် မီးစက်များမှ ထွက်ရှိသောအငွေ့များ၊ သိုလှောင်ထားသော ဆောက်လုပ်ရေးပစ္စည်းများနှင့် ပိုးသတ်ဆေး စသည်တို့မှထွက်သောအနံ့အသက်အမျိုးမျိုးတို့သည်လည်း အဆောက်အအုံအတွင်း လေထုညစ်ညမ်းမှုဖြစ်စေပြီး အန္တရာယ်ရှိနိုင်သည်။

လေလုံခန်းများအတွင်း အပူပေးစက်၊ လေအေးပေးစက်များ ကောင်းစွာအလုပ်မလုပ်ချိန်တွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို ထုတ်လွှတ်တတ်သည်။ ဂက်စ်မီးဖိုမှထွက်သည့် ဓာတ်ငွေ့သည်လည်း ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့ကဲ့သို့ အဆိပ်ဖြစ်စေနိုင်သည်။ ဓာတ်ငွေ့များ ရှူရှိုက်မိ၍ အဆိပ်သင့်ခံရသူများသည် ကိုယ်ခန္ဓာအတွင်း အောက်စီဂျင်ဓာတ် လျော့နည်းသွားပြီး ခေါင်းမူးခြင်း၊ အိပ်ငိုက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်မေ့မျောခြင်းများ ဖြစ်တတ်သည်။ အိပ်ပျော်နေစဉ် အဆိုပါဓာတ်ငွေ့များ ရှူရှိုက်မိပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အခန်းတွင်း လေထုညစ်ညမ်းနေသဖြင့် အဆိပ်သင့်မှုသည် အသက်အရွယ်မရွေး ဖြစ်စေနိုင်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ကလေးသူငယ်များ၊ နှလုံးရောဂါ၊ သွေးအားနည်းရောဂါ၊ ဦးနှောက်နှင့်အာရုံကြောရောဂါရှိသူများတွင် ပိုမိုထိခိုက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

သန့်ရှင်းလတ်ဆတ်သော သဘာဝလေသည် ရှူရှိုက်ရန် အကောင်းဆုံးဖြစ်သည်။ မိမိတို့နေထိုင် အလုပ်လုပ်ကိုင်ရာ အဆောက်အအုံ၊ အခန်းများအတွင်း လေထုညစ်ညမ်းမှုဖြစ်စေမည့် အငွေ့အသက်များ၊ ပစ္စည်းများထားရှိသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြခြင်းဖြင့် အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ကျန်းမာမှုအစဉ် ဂရုပြုနေကြရမည်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ တီဘီရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာ အမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို ဩဂုတ် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့်အသက်ရှူလမ်းကြောင်း ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂)ကလေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာစောဝင်းနှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာတီတီတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူမည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့၌လည်းကောင်း၊ ဟောပြောမည့်နံနက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောက်မြန်မာပြည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ စားပွဲတင်တင်းနစ်ဆုပေးပွဲ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးပြီး ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၂

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်တွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော မော်လမြိုင်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ စားပွဲတင် တင်းနစ်ပြိုင်ပွဲ တံခွန်စိုက်ဆုရ မော်လမြိုင်တက္ကသိုလ် အသင်းအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

လမ်းသားတိုးချဲ့ ထပ်ပိုးလွှာတင် ကတ္တရာခင်းခြင်းလုပ်ငန်းများ မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဩဂုတ် ၂၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီခွဲက ချမ်းအေးသာစံမြို့နယ် (၂၉)လမ်းအား (၆၅)လမ်းမှ (၆၈)လမ်းအထိ လမ်းဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း အခြေအနေနှင့် အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် အတွင်းရှိ (၁၆)လမ်းအား (၈၆)လမ်းနှင့် (၈၇)လမ်းကြား လမ်းသားတိုးချဲ့ ထပ်ပိုးလွှာတင်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

(၄၆၉)

ကျိုက်ထိုမြို့နယ် ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံ

ကျိုက်ထို ဩဂုတ် ၂၂

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးလွင်အောင်တို့က ရှင်းလင်းပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ပဌာန်းကျမ်းကြီးနှင့် ရှင်ဝိမလ
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၁)
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၁)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၇၄)**
၂၄။ Mini Series **(အပိုင်း-၇)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များ ဖောက်လုပ်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

◆**ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ယနေ့အခမ်းအနားသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးရိုးမအရှေ့ခြမ်းနှင့်အနောက်ခြမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မိုင် ၁၂၀ ရှိ ပြည်-တောင်ငူ မီးရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းအပိုင်း ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

မွန်မြတ်သောစေတနာ

ဤရထားလမ်းအပိုင်းသည် မိုင် ၂၀ ရှိကြောင်း၊ မြန်မြန်ပြီးသရွေ့ မြန်မြန်ဖွင့်လှျင် ဒေသခံပြည်သူများ မြန်မြန်အကျိုးထူး ခံစားနိုင်ကြမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သောစေတနာနှင့် ယခုကဲ့သို့ ဖောက်လုပ်ဆဲ ရထားလမ်း၊ ကားလမ်းများကို ပြီးသရွေ့ အပိုင်းလိုက် ဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယခုကဲ့သို့ ပြည်မှ ပေါက်ခေါင်းအထိ ပြီးသရွေ့ ရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးခြင်းအားဖြင့် ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အကြား သွားလာဆက်သွယ်မှု ပိုမိုအဆင်ပြေသွားမည်ဖြစ်သည့်အပြင် ကုန်ကျစရိတ် သက်သက်သာသာဖြင့် သွားလာနိုင်ကြမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်သော ဒေသသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေး၊ နောက်ကျကျန်နေသည့်အတွက် ယခုအခါ တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တစ်နိုင်ငံလုံးအနှံ့ ဖောက်လုပ်လျက်ရှိနေကြောင်း။

မီးရထားဖြင့် ဆက်သွယ်သွားလာခြင်းသည် စရိတ်စက သက်သာစေသည်သာမက လူများများ၊ ကုန်စည်များများ သယ်ယူနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါ နယ်မြေဒေသအနှံ့ မီးရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဖောက်လုပ်ဆဲ မီးရထားလမ်းများမှာ -

(က)	ပခုက္ကူ-ကြံခင်းလမ်း	၃၂၀	မိုင်
(ခ)	မင်းဘူး-အမ်း-စစ်တွေလမ်း	၂၅၇	မိုင်
(ဂ)	ကသာ-ဗန်းမော်လမ်း	၉၈	မိုင်
(ဃ)	ပျော်ဘွယ်-နတ်မောက်-မကွေးလမ်း	၉၅	မိုင်
(င)	မိုးနဲ-ကျိုင်းတုံလမ်း	၂၂၆	မိုင်
(စ)	ထားဝယ်-မြိတ်လမ်း	၁၃၂	ဒသမ ၅ မိုင်
(ဆ)	ပုသိမ်-ဘဲဂရက်-လှိုင်သာယာလမ်း	၈၉	မိုင်
(ဇ)	ဟသ်ာတ-ညောင်တုန်းလမ်း	၄၈	မိုင်
(ဈ)	ယခု ပြည်-တောင်ငူလမ်း	၁၂၀	မိုင်

တို့ပင်ဖြစ်ကြောင်း။

တချို့ မီးရထားလမ်းများကိုလည်း အပိုင်းလိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤမီးရထားလမ်းများအားလုံး ပြီးစီးသွားလျှင် မြန်မာနိုင်ငံတွင် အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ သွားလာဆက်သွယ်နိုင်သည့် အမျိုးသားမီးရထားလမ်းကွန်ရက်ကြီး ပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း။

ပြည် (ရွှေတံခါး) - ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

မီးရထားလမ်းများသာမက မော်တော်ကားလမ်းကွန်ရက်ကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမြို့မှ တောင်ဖျားရှိ ကော့သောင်းမြို့အထိ လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျား မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိလည်းကောင်း မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်နေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ များစွာအထောက်အကူပြုလျက်ရှိပြီး တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ များစွာအထောက်အကူပြုစေကြောင်း။

ပဲခူးတိုင်းဒေသကြီးသည် တစ်ချိန်က တောတောင်လျှိုမြောင်များ ထူထပ်သည့် အလယ်ရိုးမတောင်တန်းကြီး ကာဆီးထားသည့်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



❖ စာမျက်နှာ ၄ မှ

တစ်သီးတခြားဖြစ်နေရာမှ ယခုအခါ အရှေ့နှင့်အနောက် ရိုးမဖြတ်လမ်း ခုနစ်လမ်းရှိသည့်အပြင် ယခုမီးရထားလမ်းကိုပါ ထပ်ဆင့်ဖောက်လုပ်ပေးခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကူးလူးဆက်သွယ် သွားလာရန် လွယ်ကူသွားပြီဖြစ်ကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု အပါအဝင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်မကျန် ကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အခြေအနေသည် ဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်းပေါ်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ဤအခြေခံကောင်းများကို တန်ဖိုးရှိရှိ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် လူတိုင်းလူတိုင်း ကိုယ်စီကိုယ်င အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်

ဤအခြေခံကောင်းများသည် ယနေ့ နိုင်ငံသူနိုင်ငံသားများအတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လည်း မိမိတို့တွင် တာဝန်ရှိကြောင်း ထပ်လောင်း၍ သတိပေးပြောကြားလိုကြောင်း၊ မိမိတို့လက်ထက် တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း တိုင်းကျိုးပြည်ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်သာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန် ကြီး ချုပ် ဦး သိန်း စိန် ပြည် (ရွှေတံခါး)- ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲ အထိမ်းအမှတ် အဖြစ် ပြေးဆွဲမည့် အထူး ရ ထား ဖြင့် လိုက်ပါ စီးနင်းကြမည့် ခရီးသည် များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း တာဝန်သိသိ သစ္စာရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း တာဝန်သိသိ သစ္စာရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ကြီး ဖြစ်သည့်အတွက် ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် အဖျက်အမှောင့် လုပ်ရပ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်သွားကြပါရန်နှင့် အနာဂတ် နိုင်ငံတော်အတွက် လူကောင်း လူတော်များ၊ တိုင်းချစ် ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လိုသူများအား ဦးနှောက်ဖြင့် စဉ်းစားရွေးချယ်နိုင်ကြပါစေရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသည်။

လမ်းညွှန်

ထို့နောက် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲက **"ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခုရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင်ကို မြှင့်တင်နိုင်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များ ချမှတ်ပြီး မိမိတို့ တိုင်းဒေသကြီး နယ်မြေအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် လယ်ယာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ နည်းပညာကဏ္ဍ၊ သတင်း အချက်အလက်ကဏ္ဍ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအသီးသီးတွင် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေမှုများကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရထားလမ်းများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိသည်ဖြင့် ရှိပြီးသားရထားလမ်းများနှင့် ဆက်စပ်ပြီး **"အမျိုးသား ရထားလမ်းကွန်ရက်ကြီး"** ဖြစ်လာရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် ပြည်(ရွှေတံခါး)- ပေါက်ခေါင်း ရထားလမ်းပိုင်းသည် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်နေသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမကြီးတွင် ပါဝင်ပြီး ဤရထားလမ်းမကြီး၏ ပထမဆုံး ဆက်စပ်ဖောက်လုပ် ဖွင့်လှစ်နိုင်သည့် ရထားလမ်းပိုင်းဖြစ်သကဲ့သို့ အမျိုးသား ရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းတစ်ခုဟု ခေါ်ဆိုရမည်လည်း ဖြစ်ကြောင်း။

သွားလာနိုင်

ယခင် သောင်းကျန်းသူများကြောင့် လည်းကောင်း၊ ပဲခူးရိုးမ၏ တောင်တန်းတောင်စွယ်များ ကာဆီးထားသည့် မြေအနေအထား အခက်အခဲများကြောင့် လည်းကောင်း ပဲခူးတိုင်းဒေသကြီးအတွင်း၌ပင် ဖြစ်သော်လည်း ပဲခူးရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်း ဆက်သွယ်သွားလာရေးသည် အခက်အခဲ အတားအဆီးသဖွယ်ဖြစ်နေပြီး ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ပဲခူးတိုင်းဒေသကြီးအတွင်း၌ ကားလမ်းအနေဖြင့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်းကို ဖောက်လုပ်ပေးခဲ့သဖြင့် ပဲခူးရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့ကို ဖြတ်လမ်းတစ်ခုအဖြစ် အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ပဲခူးရိုးမ ဖြတ်ကျော်ကားလမ်းများ ဖြစ်ကြသည့် ကိုးပင်-သာဂရလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း၊ တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်းများကိုလည်း ဆက်လက်ဖောက်လုပ်ဆဲဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့် နေပြည်တော်-ပျဉ်းမနား-တောင်တွင်းကြီး ရိုးမဖြတ်ကျော်ရထားလမ်း တစ်ခုသာရှိခဲ့သော်လည်း ယနေ့ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွက် ပြည်(ရွှေတံခါး)မှ တောင်ငူ(ကျေးတော)-နေပြည်တော် အထိ အရှည်မိုင် ၁၂၀ ရှိ ရထားလမ်းမကြီးကို ဖောက်လုပ်ပေးနေရာ ဤလမ်းပိုင်း၏ ပထမဆုံးခြေလှမ်းအဖြစ် အရှည်မိုင် ၂၀ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ဒေသအတွက် ကျက်သရေမင်္ဂလာအပေါင်းဖြင့် ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ဤရထားလမ်းပိုင်းကို အောင်မြင်စွာ ဖောက်လုပ်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများ၏ အားကြိုးမာန်တက် ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံမိဘပြည်သူများကလည်း ဤရထားလမ်း အစွန့်ရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးသွားကြပါဟု ပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်မည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်းလမ်း မိုင် ၂၀ သည် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၁/၂၀၁၀)က ခွင့်ပြုပေးခဲ့သည့် ပြည်- တောင်ငူရထားလမ်း မိုင် ၁၂၀ ဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်း တစ်ခု ဖြစ်ကြောင်း။

၁၁ လကျော်ကြာ

ယနေ့ အခမ်းအနားသည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည့် အရှည်မိုင် ၂၀ရှိ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားပင် ဖြစ်ကြောင်း။

ဤရထားလမ်းပိုင်းသစ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မြောက်နှင့် တောင် တည်ရှိသွယ်တန်းနေသည့် ပဲခူးရိုးမ၏အနောက်ခြမ်း၊ တစ်နည်းအားဖြင့် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ပြည်(ရွှေတံခါး)မှ ပဲခူးရိုးမအရှေ့ခြမ်း တောင်ငူ(ကျေးတော) - နေပြည်တော်အထိ အရှည်မိုင် ၁၂၀ကို ဆက်စပ်ဖောက်လုပ်နေသော ရိုးမဖြတ်ကျော် ရထားလမ်းမကြီး၏ ပထမဆုံး စတင်ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းပိုင်းသစ်ပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းကို ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၂ ရက်က စတင် ဖောက်လုပ်ခဲ့ပြီး ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်ချိန် ၁၁ လကျော် ကြာမြင့်ခဲ့ကြောင်း၊ ဤရထားလမ်းပိုင်းသည် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည် (ရွှေတံခါး)- ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သာလွန်၍ ဖွံ့ဖြိုးတိုးတက်နိုင်မည်

မိမိတို့လက်ထက် တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း တိုင်းကျိုးပြည်ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်မည်သာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်နိုင်မည်။

❍ စာမျက်နှာ ၅ မှ

အများဆုံးကွေ့ဒီဂရီ ၈ ဒီဂရီ၊ ကွေ့ပေါင်း ၄၀ နှင့် အများဆုံးဆင်ခြေလျှော ၁း၁၀၀ ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်ဘူတာ၊ ပေါင်းတလည်ဘူတာ၊ အင်ငါးခွဘူတာနှင့် ပေါက်ခေါင်းဘူတာ လေးဘူတာ ပါဝင်ကြောင်း။

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်လျက်ရှိရာ လျှာထားလမ်းကိုးလမ်း စုစုပေါင်း ၁၃၈၅ မိုင်ရှိကြောင်း။

ရထားများပြေးဆွဲ

အဆိုပါ ရထားလမ်းများအနက်မှ မိုင် ၃၂၀ကို ယနေ့အထိ ဖောက်လုပ်ပြီးစီးခဲ့ပြီး ရထားများ ပြေးဆွဲလျက်ရှိကြောင်း၊ ကျန်ရှိသော ရထားလမ်း ၁၀၆၅ မိုင် ကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဖောက်လုပ်လျက်ရှိကြောင်း။

၂၀၁၀ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် နေပြည်တော်၌ ပြုလုပ်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး(၂/၂၀၁၀) မှလည်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း(အသစ်)လေးခုကို ချမှတ်ပေးခဲ့ကြောင်း၊ ဤစီမံကိန်းများမှာ-

(၁)	နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း	မိုင် ၁၂၀
(၂)	မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း	၄၇၄ မိုင်
(၃)	မုံရွာ - ယာကြီး - ကလေးဝ - ကလေး ရထားလမ်း	၁၃၅ မိုင်
(၄)	တောင်ငူ - ယာသို - လွိုင်ကော် ရထားလမ်း	မိုင် ၁၅၀

တို့ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်မြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမောင်မောင်အေးက ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတံခါးဘူတာရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ

တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ ပြည်(ရွှေတံခါး)-ပေါက်ခေါင်းလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့က ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အမွှေးနံ့သာရည် ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားလမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရထားလမ်းတစ်လျှောက်ရှိ ဘူတာများနှင့် ကျေးရွာများမှ ဒေသခံပြည်သူများက လက်များဝှေ့ယမ်း၍ တပျော်တပါး နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါက်ခေါင်းဘူတာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နှုတ်ဆက်

ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းသည် လမ်းအရှည် မိုင် ၂၀ ရှိပြီး ရွှေတံခါးဘူတာအပါအဝင် ဘူတာ ငါးဘူတာ ပါဝင်သည်။ စီမံကိန်းကို ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ရထားလမ်းပိုင်းတွင် တံတားကြီးငယ် ၉၃ စင်းကို တည်ဆောက်ထားသည်။ ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဩဂုတ် ၂၃ ရက်မှ စတင်၍ သုံးရက်တိုင် အခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် နေပြည်တော်၌ ပြုလုပ်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး(၂/၂၀၁၀) မှလည်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း(အသစ်)လေးခုကို ချမှတ်ပေးခဲ့ကြောင်း၊ ဤစီမံကိန်းများမှာ-

(၁)	နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း	မိုင် ၁၂၀
(၂)	မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း	၄၇၄ မိုင်
(၃)	မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်း	၁၃၅ မိုင်
(၄)	တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်း	မိုင် ၁၅၀

တို့ဖြစ်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအောက်သို့ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဟော်ကီပြိုင်ပွဲ ကျင်းပနိုင်ရေးစည်းဝေး အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူ မြက်ခင်းတု ဟော်ကီကွင်း၌ စက်တင်ဘာလတွင် ကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက သိမ်ဖြူဟော်ကီကွင်းရှိ အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်း တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်ကျော်လှိုင်၊ ဦးဇော်ဝင်း၊ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်လတ်၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်း အမှုဆောင် ဦးစောလုလုထော် လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံစဉ်။ (၁၉)

အစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲကို စက်တင်ဘာလတွင် ကျင်းပရန် ဆုံးဖြတ်ကြသည်။ ဆက်လက်၍ အလှူငွေလက်ခံပွဲတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌက ကျပ်တစ်သိန်း၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဘဏ္ဍာရေးမှူးတို့က ကျပ်သုံးသိန်းစီနှင့် စာရင်းစစ် ဦးကျော်ဝင်းက ကျပ်တစ်သိန်း၊ အမှုဆောင်ဦးအောင်သန်းက ကျပ်သုံးသောင်းနှင့် အမှုဆောင် Skywings Group of Companies အမှုဆောင်အရာရှိချုပ် ဦးစောလုလုထော်က ကျပ်ငါးသိန်း ထည့်ဝင်လှူဒါန်းကြကြောင်း သိရှိရသည်။ (၁၉)

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပမည့် Asia-Africa Youth Forum-2010 သို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင် ဒေါ်ဝင်းအိခိုင် (Streamline Training-Learning Centre) အား ဩဂုတ် ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "အွန်လိုင်းမှတစ်ဆင့် အဝေးပြေးကားလက်မှတ်ဝယ်နိုင်ပြီး လက်မှတ်ဈေးနှုန်း မတိုးမြှင့်ဘဲ အင်တာနက်ဝန်ဆောင်ခနှင့် ပို့ဆောင်ခသာပေးရန်လို"၊ "ကွန်ပျူတာလက်ပ်တော့နှင့် Note Book အသုံးများလာပြီ၊ အင်တာနက်မဖွယ်မရာ ညစ်ညမ်းပုံ လုပ်ရပ်ကို သတိပြု"၊ "ကားဈေးကွက် မရေရာ မသေချာတော့သဖြင့် ရင်းနှီးမြှုပ်နှံသူများ ကားဘက်တွင် စိတ်ဝင်စားမှုလျော့ကာ အခြားစီးပွားရေးဘက် ဦးလှည့်" မျက်နှာဖုံးသတင်းဆောင်းပါးများ၊ "ကမ္ဘာ့အသက်အကြီးဆုံး ဖြစ်လာသည့် အဘွားဒေါ်မြကြည်အား တွေ့ဆုံမေးမြန်းခြင်း၊ "မောင်စူးစမ်း၊ မောင်ဝံသ၊ မောင်ထွန်းလွင် (မိုးလေဝသ)၊ ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ) ရဲမြင့်သိန်းတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ဖော်ပြထား

ထို့အပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ကြေညာ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာဒေသများသတ်မှတ်"၊ "ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဆိုင်းဘုတ်တင်"၊ "စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ (ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ)"၊ "ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တွေ့ဆုံခြင်း" တို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များ စသည့် ကဏ္ဍများကို ဝေဝေဆာဆာဖော်ပြထားသည်။

ထို့အပြင် "လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစဉ် ယာဉ်တိုက်မှုမဖြစ်ရန် ဘတ်စ်ကားလိုင်း ၄၉၇ လိုင်းမှ ဘတ်စ်ကားစီးရေ ၈၇၀၀ ကျော်အား ကြပ်မတ်သွားမည်"၊ "တစ်နှစ်အတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူ ၂၀၀၀ ကျော် ဒဏ်ရိုက်အရေးယူ"၊ "ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အိန္ဒြာကျော်ဇင်၊ မိုးယုစံ၊ ဝတ်မှုန်ရွှေရည်တို့၏ ရင်တွင်းစကား ဖွင့်ဟချက်များ"၊ "ချစ်တာတစ်ခုတည်း အဓိကထားပြီး လက်ထပ်ဖို့ရွေးချယ်ဖြစ်ခဲ့တဲ့ မျိုးစန္ဒီကျော်" စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။

(သတင်းစဉ်)



INAX အရောင်းကိုယ်စားလှယ်ကြီးများ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အပန်းဖြေခရီး ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော INAX ရေချိုးခန်းသုံး ပစ္စည်းများနှင့် ကြွေပြား၊ ကျောက်ပြားများအတွက် မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် TMW Enterprise Ltd. ၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ရောင်းအားအကောင်းဆုံး ဂုဏ်ပြုချီးမြှင့်ခံရသော မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အရောင်းကိုယ်စားလှယ်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အပန်းဖြေအနားယူရန်နှင့် အထင်ကရနေရာများအား သွားရောက်ကြည့်ရှုလည်ပတ်ရန်အတွက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ထွက်ခွာသွားကြသည်။**(အပေါ်ပုံ)**

ထိုခရီးစဉ်တွင် မန္တလေး၊ မော်လမြိုင်၊ မြိတ် စသည့် မြို့ကြီးများမှ အရောင်းကိုယ်စားလှယ်ကြီးများ လိုက်ပါသွားကြပြီး ဘာလီကျွန်း၌ ဩဂုတ် ၂၂ ရက်မှစတင်၍ ၂၆ ရက်ထိ လေးညအိပ် ငါးရက်ကြာ လည်ပတ်ကာ ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသခံပြည်သူများနှင့်အတူ တေးသီချင်းများ သံပြိုင်သီဆို တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နယ်ခြားစောင့်တပ်များဖွင့်

မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

➢ **ကျောဖုံးမှ**

မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါ မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်လှစ်သည့် အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်သည်။ ထို့နောက် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးနှင့် ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ယခုဖွင့်လှစ်သော နယ်ခြားစောင့်တပ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများက လက်ခံကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံ ရွှေကုက္ကို၊ ကြာအင်းနှင့် ခလောက်နို့ရွာ ဒုံးယိမ်းအဖွဲ့ ကိုးဖွဲ့တို့မှ ကရင်တိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများ၊ မွန်ရိုးရာအကအဖွဲ့၊ ဝှေ့ရှမ်းနှင့် မဲပလဲ့ရွာများမှ ရှမ်းရိုးရာအကအဖွဲ့များ၊ ရွှေကုက္ကိုရွာ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းနှင့် ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းတို့ကို သံပြိုင်သီဆို၍ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များဖြစ်ကြသော ဒေသခံ ဒုံးယိမ်းအဖွဲ့ ကိုးဖွဲ့၊ ရှမ်းရိုးရာအကအဖွဲ့များ၊ မွန်တိုင်းရင်းသားအကအဖွဲ့များနှင့် ရွှေကုက္ကို အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များသည် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် အကအဖွဲ့များအား တိုင်းမှူးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းသည့်အခမ်းအနားကို စစ်ရေးပြကွင်းအနီးရှိ စုပေါင်းမဏ္ဍပ်၌ ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကရင်ပြည်နယ်အတွင်း ယခုကဲ့သို့

ကခုန်ဆင်နွှဲ

မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများ၊ မွန်ရိုးရာအကအဖွဲ့၊ ဝှေ့ရှမ်းနှင့် မဲပလဲ့ရွာများမှ ရှမ်းရိုးရာအကအဖွဲ့များ၊ ရွှေကုက္ကိုရွာ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။

(ဝဲနှင့်ယာပုံ) (သတင်းစဉ်)

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၂၂

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော အားကစားသမားများအား ဆုများပေးအပ်ကြပြီး တိုင်းမှူးက အသင်းလိုက် အကောင်းဆုံးဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍တိုင်းမှူးသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ဗီတာမင်အားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အိုင်အိုဒင်းဆားနှင့် အားဆေးများ ဖြန့်ဝေပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျန်းမာရေးပညာပေးပြခန်းတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များဖြစ်ကြသော ဒေသခံ ဒုံးယိမ်းအဖွဲ့၊ ကိုးဖွဲ့၊ ရှမ်းရိုးရာအကအဖွဲ့များ၊ မွန်တိုင်းရင်းသားအကအဖွဲ့များနှင့် ရွှေကူကို အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာ တီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များသည် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် အကအဖွဲ့များအား တိုင်းမှူးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းသည့်အခမ်းအနားကို စစ်ရေးပြကွင်းအနီးရှိ စုပေါင်းမဏ္ဍပ်၌ ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကရင်ပြည်နယ်အတွင်း ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်နယ်အတွင်း ထာဝရ တည်ငြိမ်အေးချမ်းရေးကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တရားဝင်လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့် ရရှိကြတော့မည်ဖြစ်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးတို့အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆို အားပေးလျက်ရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးတို့အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆို အားပေးလျက်ရှိ။

မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "မေတ္တာအစွမ်းအံ့မခန်း" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၆)**
- ၈း၄၀ 7 Golden Girls Live Show (Part-1)
- ၉း၁၅ Global Ponorama
- ၁၀း၄၀ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
- ၁၀း၅၅ Activities In The City -တိပိဋကဂန္ထဝင်နိကာယ ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ -မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၀၀ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သင်တန်းရွေးချယ်ပွဲ
- ၁၁း၃၀ ကုသိုလ်ဖြစ်ကျန်းမာရေးဝန်ဆောင်မှု Luttine Perfect Health
- ၁၁း၄၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်-- လှပသောဘဝများဆီသို့
- ၁၂း၁၅ တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
- ၁၂း၃၀ HIV/ AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၁) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၁း၀၀ "မေတ္တာအစွမ်းအံ့မခန်း" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ The Champion of Dance
- ၃း၂၀ မူဟန်ကိုယ်စီ တေးကိုသီ
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၆)**
- ၄း၁၅ Activities In The City -တိပိဋကဂန္ထဝင်နိကာယ ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ -မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၀၀ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သင်တန်းရွေးချယ်ပွဲ
- ၄း၅၀ ကုသိုလ်ဖြစ်ကျန်းမာရေးဝန်ဆောင်မှု Luttine Perfect Health
- ၅း၁၀ စာအုပ်ပြခန်း(ရတီမဂ္ဂဇင်း)
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2010 Summer Youth Olympics
- ၆း၄၀ Celebrity Choice (အိမ့်ချစ်)
- ၇း၀၅ 7 Golden Girls Live Show (Part-2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ The Champion of Dance
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၆)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ Celebrity Choice (အိမ့်ချစ်)
- ၁၀း၅၀ ဖြစ်ထွန်းအောင်မြင်--- စိုက်ပျိုးဥယျာဉ်(ဒူးရင်း)
- ၁၁း၀၅ Premier League Highlight
- ၁၁း၂၅ ကျန်းမာသန်ထွား ဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
- ၁၁း၄၀ မြန်မာ့လက်မှုယွန်းအနုပညာ
- ၁၂း၀၀ စက်မှု(၁)၏ စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
- ၁၂း၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Man City - Liverpool	ESPN(Live)
	Man City - Liverpool	MRTV-4(live)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ပီရူးထောင်ထဲတွင် တစ်သက်တစ်ကျွန်းကျနေသူ နှစ်ဦး လက်ထပ်ပွဲကျင်းပ

လီမာ(ပီရူး) ဩဂုတ် ၂၂

တစ်ချိန်တစ်ခါက အလွန်ကြောက်မက်ဖွယ်ကောင်းသော ရှိုင်းနင်းပတ်သူပုန်အုပ်စုကို တည်ထောင်သူသည် ကာလကြာမြင့်စွာကတည်းက မေတ္တာသက်ဝင်နေသူနှင့် ဩဂုတ် ၂၀ ရက်က လက်ထပ်ခဲ့ကြောင်း၊ ၎င်းတို့၏မင်္ဂလာပွဲကို လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်တွင်း၌ ကျင်းပခဲ့ကြောင်း ထောင်အရာရှိတစ်ဦးက ပြောကြားသည်။

လက်မှတ်ရေးထိုး

လီမာမြို့ အဲလ်ကာလာအိုရေတပ်အခြေစိုက်စခန်းအတွင်းရှိ အကျဉ်းထောင်တွင် အသက် (၇၅) နှစ်ရှိပြီဖြစ်သော အာဘီမာအယ်လ်ဂတ်စ်မန်နှင့် တစ်ချိန်က သူ၏လက်ထောက်ဖြစ်ခဲ့သူ (၆၂) နှစ်ရှိ အယ်လ်ဂီနာအိုင်ပါရာဂွါတို့သည် အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းမင်္ဂလာပွဲမှာ ၁၅ မိနစ်မျှသာကြာကြောင်း အကျဉ်းထောင် အကြီးအကဲ ရိုဒရီဂွက်(ဇ်)က ပြောကြားသည်။

ဆယ်စုနှစ်ကျော်ကျော် သွေးလွှမ်းခဲ့သော လက်ဝဲဝါဒီသူပုန်ထမှုကို ခေါင်းဆောင်ခဲ့သည့် ၎င်းတို့နှစ်ဦးကို ၁၉၉၂ခုနှစ်တွင် ဖမ်းမိခဲ့ပြီး အကြမ်းဖက်မှုများအတွက် ထောင်ဒဏ် တစ်သက်တစ်ကျွန်း အပြစ်ပေးခဲ့သည်။

တိုင်ကြားခဲ့

မင်္ဂလာမောင်နှံက ထောင်တာဝန်ရှိသူများသည် ၎င်းတို့နှစ်ဦးတစ်ဦးနှင့်တစ်ဦး တွေ့ဆုံခြင်းကို ခွင့်မပြုခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦး လက်ထပ်ရန် ကိစ္စကိုလည်း တားဆီးနှောင့်ယှက်ကြကြောင်း ရှေ့နေများမှတစ်ဆင့် တိုင်ကြားခဲ့ကြသည်။ ဖမ်းမိပြီး ပထမ ၁၁ နှစ်တွင် ရေတပ်စခန်းအချုပ်ခန်းတွင် ၎င်းတို့နှစ်ဦးကို အတူထားခဲ့ပြီးနောက် အမျိုးသမီးကို အခြားထောင်တစ်ခုသို့ ပြောင်းရွှေ့ခဲ့သည်ဟုဆိုသည်။

ဖေဖော်ဝါရီလအတွင်း၌ သမ္မတအလန်ဂါစီယာက ၎င်းတို့နှစ်ဦးလက်ထပ်ခြင်းကို ခွင့်ပြုရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ညီညွတ်လျှင် စက်ဆုပ်ဖွယ်ရာအကောင်းဆုံး ရာဇဝတ်သားကိုသော်မှ လူ့အခွင့်အရေး ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

မူးယစ်ဂိုဏ်းသားများနှင့် ဘရာဇီးရဲတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သော အင်တာကွန်တီနင်တယ်လ်ဟိုတယ်ရှေ့ မြင်ကွင်း။

ဘရာဇီးရဲတပ်ဖွဲ့နှင့် မူးယစ်ဂိုဏ်းသားများအကြား တိုက်ပွဲဖြစ်ပွား

ရီယိုဒီဂျနေရိုး ဩဂုတ် ၂၂ ။ ။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် လက်နက်အပြည့်အစုံတပ်ဆင်ထားသော မူးယစ်ဂိုဏ်းသားများနှင့် ဘရာဇီးရဲတပ်ဖွဲ့ဝင်များအကြား ဩဂုတ် ၂၁ ရက်က တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း မူးယစ်ဂိုဏ်းသားများသည် နိုင်ငံခြားသားများအကြား ရေပန်းစားသော အင်တာကွန်တီနင်တယ်လ်ဇိမ်ခံဟိုတယ်ကို ဝင်ရောက်စီးနင်းကာ လူ ၃၅ဦးခန့်ကို သုံးနာရီကြာမျှ ဓားစာခံအဖြစ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဘရာဇီးရဲတပ်ဖွဲ့သည် လွတ်မြောက်ရေးအာမခံချက်ပေးကာ မူးယစ်ဂိုဏ်းသားများနှင့် ဆွေးနွေးခဲ့ပြီးနောက် ဓားစာခံများပြန်လည်လွတ်မြောက်ခဲ့ပြီး မူးယစ်ဂိုဏ်းသားများလည်း ဘရာဇီးရဲတပ်ဖွဲ့ထံ လက်နက်ချအညံ့ခံခဲ့ကြောင်း သိရသည်။ အင်အား ၅၀ ကျော်ရှိသော လက်နက်ကိုင်များနှင့် ဘရာဇီးရဲတပ်ဖွဲ့အကြား ဖြစ်ပွားသောတိုက်ပွဲကြောင့် အင်တာကွန်တီနင်တယ်လ်ဟိုတယ်တည်ရှိရာနေရာတစ်ဝိုက်သည် စစ်ပွဲဖြစ်နေသည်နှင့် အလားတူခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တိုက်ပွဲဖြစ်ပွားစဉ်အတွင်း လက်နက်ကိုင်များနှင့်အတူပါလာသော ဘရာဇီးရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဝရမ်း ထုတ်ထားသည့်မူးယစ်ဂိုဏ်းသား အမျိုးသမီးတစ်ဦးသေဆုံးပြီး အရပ်သားသုံးဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦးတို့ ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အေပီ။

ပင်ဂိုး၏ပန်းချီ ခိုးသူနှစ်ဦးကို ကိုင်ရိုလေဆိပ်တွင် ဖမ်းဆီး

ကိုင်ရို ဩဂုတ် ၂၂

ကိုင်ရိုမြို့ ပြတိုက်တစ်ခုမှ ကမ္ဘာကျော်ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုး၏ လက်ရာပန်းချီကားတစ်ချပ်ကို ဩဂုတ် ၂၁ ရက်က ခိုးယူကာ အီဂျစ်နိုင်ငံပြင်ပသို့ ခိုးထုတ်ရန်ကြိုးစားသော အီတလီနိုင်ငံသားနှစ်ဦးကို ကိုင်ရိုလေဆိပ်၌ ဖမ်းဆီးထားကြောင်း အီဂျစ်ယဉ်ကျေးမှုဝန်ကြီးက ပြောကြားသည်။

ယင်းအီတလီနိုင်ငံသားနှစ်ဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး ၎င်းတို့ကို အီဂျစ်မှထွက်ခွာရန် ကြိုးစားနေစဉ် ပန်းချီကားနှင့်အတူ ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အတည်မပြုသေး

အဆိုပါသတင်းနှင့် ပတ်သက်၍ လေဆိပ်လုံခြုံရေးဌာနက အတည်ပြုခြင်းမရှိသေးသော်လည်း ကိုင်ရိုမြို့တော် ရဲတပ်ဖွဲ့က လေဆိပ်တွင် အီတလီနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထားကြောင်း ပြောကြားသည်။ သို့ရာတွင် ၎င်းတို့နှင့်တွေ့ရသော ပန်းချီကားနှင့် စပ်လျဉ်း၍ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကိုင်ရိုမြို့ မာမွတ်ခါလီပြတိုက်မှ ခိုးယူခံခဲ့ရသော ပန်းချီဆရာဗင်းဆင့်ဗင်ဂိုး၏ ဘိန်းပန်းပွင့်များဟု အမည်ရသည့် ပန်းချီကားသည် ကာလပေါက်ဈေးဒေါ်လာ ၅၅သန်းခန့် တန်ဖိုးရှိကြောင်း ခန့်မှန်းရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ အီရတ်မှ ရွှေ့ပြောင်းမှု မကြာမီပြီးဆုံးမည်

ကူဝိတ်စီးတီး ဩဂုတ် ၂၂

အီရတ်နိုင်ငံတွင်းမှ အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့များ ပြန်လည်ထွက်ခွာချိန်တွင် အမေရိကန်စစ်ဘက် အသုံးအဆောင်နှင့် ထောက်ပံ့ရေးပစ္စည်းများ အီရတ်နိုင်ငံမှ ပြန်လည်သိမ်းထုပ်ယူဆောင်ရေး လုပ်ငန်းသည်လည်း အပြီးသတ်လုနီးပြီဖြစ်ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့များသည် အီရတ်မြေပြင်၌ တင့်ကားထောင်ပေါင်းများစွာ၊ စစ်ဘက်ယာဉ်အမျိုးမျိုး၊ ယင်းယာဉ်များ၏ အပိုအစိတ်အပိုင်းများ အပါအဝင် အထွေထွေထောက်ပံ့ရေးပစ္စည်း တစ်သန်းကျော်ကို အသုံးပြုခဲ့သည်။ ယင်းစစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအနက် ၁ ဒသမ ၂ သန်းကျော်ခန့်ကို ကူဝိတ်နိုင်ငံရှိ အမေရိကန် စစ်ဘက်သိုလှောင်ရုံများသို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

အီရတ်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပြန်လည်ရွှေ့ပြောင်းမှုသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းအကြီးမားဆုံးစစ်ဘက်ဆိုင်ရာ ရွှေ့ပြောင်းမှုကြီး တစ်ရပ်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံမှ အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ရွှေ့ပြောင်းမှုကို ဩဂုတ်လကုန်ပိုင်းတွင် အပြီးသတ်ရန် အမေရိကန်စစ်ဘက်က စီစဉ်ထားသည်။ အီရတ်မှ အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ကူဝိတ်သို့ ရွှေ့ပြောင်းပေးရသော ယာဉ်တန်းတစ်တန်းကို ဓာရာမယန္တရားတင်ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များ၊ ဘေး

အီရတ်နိုင်ငံမှ ရွှေ့ပြောင်းမည့် အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ တင်ဆောင်ထားသော ယာဉ်တန်း။

အန္တရာယ်မှ ကာကွယ်ရန် သံချပ်ကာယာဉ်များ စုစုပေါင်း ယာဉ်အစီးလေးဆယ်ဖြင့် ဖွဲ့စည်းထားသည်။

အင်တာနက်။

ဒတ်ချ်ဆယ်ကျော်သက်၏ ကမ္ဘာပတ်ရွက်လွှင့်မည့် ခရီးစဉ်စတင်ထွက်ခွာ

သည်ဟိဂ် ဩဂုတ် ၂၂

ဒတ်ချ်ဆယ်ကျော်သက် တစ်ကိုယ်တော် ရွက်လွှင့်သူ လော်ရာဒက်ကာသည် စံချိန်တင် ကမ္ဘာတစ်ပတ် ခရီးစဉ်ကို ဂျီဘရော်တာမှ စနေနေ့တွင် စတင်ထွက်ခွာပြီဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြကြသည်။

ဒက်ကာနှင့် ဆက်သွယ်ရန် သီးသန့်အခွင့်အရေးအဖြစ် စာချုပ်ချုပ်ဆိုထားသော မာ့စ်မီဒီယာ ရုပ်မြင်သံကြားကုမ္ပဏီက ဂျီဘရော်တာဆိပ်ကမ်းတစ်ခုမှ ဒက်ကာစတင်ရွက်လွှင့် ထွက်ခွာကြောင်းကို အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

မူလက ခရီးစဉ်ကို ပေါ်တူဂီနိုင်ငံမှ စတင်ရန် စီစဉ်ထားသော်လည်း ယင်းနိုင်ငံရဲတပ်ဖွဲ့နှင့် ဒက်ကာအကြား အသက်အရွယ် ပြဿနာ ပေါ်လာသည့်အတွက် စပိန်နိုင်ငံတောင်ဘက်စွန်းမှ ပြောင်းလဲရွက်လွှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း မာ့စ်မီဒီယာက ပြောကြားသည်။

ဒတ်ချ်နိုင်ငံသူ၏ တစ်ကိုယ်တော် ကမ္ဘာပတ် ရွက်လွှင့်မည့် ခရီးစဉ်သည် နှစ်နှစ်ကျော်ကြာမည်ဖြစ်၍ ခရီးပြီးဆုံးသည့် ၂၀၁၂ စက်တင်ဘာ ၂၀ ရက်တွင် သူမအသက် (၁၇) နှစ်ပြည့်မည်ဖြစ်သည်။

မိဘနှစ်ပါး၏ကမ္ဘာတစ်ပတ်ခရီးစဉ်အတွင်း နယူးဇီလန်၌ မွေးဖွားခဲ့သော ဒက်ကာသည် (၁၁) နှစ် အရွယ်တွင် နယ်သာလန်နိုင်ငံမြောက်ပိုင်းသို့ တစ်ဦးတည်း အောင်မြင်စွာ ရွက်လွှင့်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံသား ၁၀ ဦးလျှင် ခြောက်ဦး အာဖဂန်နစ္စတန်စစ်ပွဲကို ကန့်ကွက်

ဝါရှင်တန် ဩဂုတ် ၂၂

အမေရိကန်နိုင်ငံသား ၁၀ ဦးလျှင် ခြောက်ဦးခန့်မှာ အာဖဂန်စစ်ပွဲကို ကန့်ကွက်ကြောင်း လူထုသဘောထားဆန္ဒ စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံတွင် ကွန်ဂရက်လွှတ်တော်၏ သက်တမ်းဝက်ရွေးကောက်ပွဲများ ကျင်းပရန် ရက်သတ္တ ၁၀ ပတ်ကျော်မျှသာလိုတော့ချိန်၌ အာဖဂန်စစ်ပွဲနှင့် ပတ်သက်၍ ပြည်သူများ၏ဆန္ဒသဘောထားကို ဖော်ပြသော စစ်တမ်းတစ်ရပ် ပေါ်ထွက်လာခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲရလဒ်သည် သမ္မတအိုဘားမား၏ ဒီမိုကရက်တစ်ပါတီ ရေပန်းစားမှုကို မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

အမေရိကန်အေပီသတင်းဌာနနှင့် ဂျာမနီနိုင်ငံရှိ ဈေးကွက်သုတေသနအဖွဲ့တို့၏ လေ့လာချက်စစ်တမ်းတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

သဘောထားထုတ်ဖော်

အမေရိကန်ပြည်သူ ၅၈ ရာခိုင်နှုန်းသည် သမ္မတအိုဘားမား၏ စစ်ပွဲကိုင်တွယ်ဆောင်ရွက်ပုံကို မနှစ်သက်ကြကြောင်း သဘောထားထုတ်ဖော်ကြသည်။

အာဖဂန်စစ်ပွဲတွင် အမေရိကန်အစိုးရ၏ ကြိုးပမ်းချက်များလာမည့်နှစ်တွင် တိုးတက်လာမည်ဟု မျှော်လင့်သူဦးရေမှာ ၁၉ ရာခိုင်နှုန်းမျှသာရှိကြောင်း၊ ၂၉ ရာခိုင်နှုန်းကမူ အခြေအနေပိုမိုဆိုးရွားလာမည်ဟု ထင်မြင်ယူဆကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။

အင်တာနက်။

တရုတ်နိုင်ငံအလယ်ပိုင်း၌ နျူကလီးယားဓာတ်အားပေး စက်ရုံ တည်ဆောက်မည်

ပေကျင်း ဩဂုတ် ၂၂

တရုတ်နိုင်ငံ အလယ်ပိုင်း ပြည်နယ်ဖြစ်သော ဟူပေပြည်နယ်တွင် လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း နျူကလီးယားစွမ်းအင် ထုတ်လုပ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ ကုန်းတွင်းဒေသရှိ ပထမဆုံး နျူကလီးယားဓာတ်အားပေး စက်ရုံဖြစ်လာမည့် ရှန်နင်းနျူကလီးယားဓာတ်အားပေးစက်ရုံကို ဂျပန်တိုရှီဘာ ကုမ္ပဏီအုပ်စု၏ ကုမ္ပဏီတစ်ခုဖြစ်သော ဝက်စ်တင်းဟောက်စ်ကုမ္ပဏီ၏ တတိယမျိုးဆက် အေပီ ၁၀၀၀ နျူကလီးယား နည်းပညာဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယာဆူကူနီကို ငြင်းပယ်ခြင်းနှင့် နာအိုတိုကန်အစိုးရအဖွဲ့၏ အာရှမူဝါဒအပြောင်းအလဲ

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းရှုခင်း

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်လက်နက်ချခဲ့တဲ့ (၆၅) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၄ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ ယာဆူကူနီခေါ် ရှင်တိုဘာသာရေး ဗိမာန်အဆောက်အအုံမှာ ကျင်းပခဲ့ရာမှာ ပြင်သစ်၊ ဗြိတိန်နှင့် ဥရောပနိုင်ငံကလက်ယာပါတီတွေရဲ့ ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပါတယ်။ ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ဂျပန်အစိုးရအဖွဲ့ကတော့ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။

လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ ဂျပန်အစိုးရအဖွဲ့ အဆက်ဆက်တို့ဟာ ဒုတိယကမ္ဘာစစ် ဂျပန်လက်နက်ချတဲ့ အထိမ်းအမှတ်နေ့တိုင်း ယာဆူကူနီဂူဗိမာန်ကို သွားရောက်ဂါရဝပြုခဲ့ကြပါတယ်။ ဒါပေမယ့် သည်နှစ်၂၀၁၀မှာတော့ ဂျပန်အစိုးရအဖွဲ့ဟာ ယာဆူကူနီဂူဗိမာန်ကို သွားရောက်ခြင်းမရှိခဲ့ပါဘူး။ ဒါ့အပြင် ဒုတိယကမ္ဘာစစ်အတွင်းက အာရှနိုင်ငံတွေကို ဂျပန်တို့ ကျူးကျော်ဝင်ရောက်ခဲ့တာနဲ့ ပတ်သက်လို့လည်း မှားယွင်းကြောင်း ဝန်ချတောင်းပန်ခဲ့ပါတယ်။ သည်အချက်ဟာ ဂျပန်အစိုးရရဲ့ အာရှမဟာဗျူဟာ အပြောင်းအလဲကို ညွှန်ပြနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ယာဆူကူနီ(Yasukuni) ဆိုတာဟာ တိုင်းပြည်အတွက် ဖြေသိမ့်ခြင်းလို့ အဓိပ္ပာယ်အားဖြင့် သတ်မှတ်နိုင်ပြီး သည်ဂူဗိမာန်ကို မေဂျီဧကရာဇ်အမိန့်အရ ၁၈၇၉ခုနှစ်မှာ တည်ဆောက်ခဲ့တာပါ။ အဲဒီဂူဗိမာန်ကြီးဟာ မေဂျီခေတ် ထူထောင်ရေးမှာ အသက်ပေးခဲ့တဲ့ ဂျပန်စစ်သည်တော်တွေက နေစပြီး ဂျပန်ဧကရာဇ်နိုင်ငံအတွက် ဂျပန်ဧကရာဇ်ရဲ့ကိုယ်စား အသက်ပေး တိုက်ခိုက်ခဲ့သူတွေ၊ ဂျပန်ဧကရာဇ်အပေါ် အသက်နှင့်ရင်းပြီး သစ္စာရှိတဲ့သူတွေရဲ့ ဝိညာဉ်များ ကိန်းဝပ်ရာ ဗိမာန်ဖြစ်တယ်လို့ ဆိုပါတယ်။ လက်ရှိ ယာဆူကူနီဂူဗိမာန်ရဲ့ ဝိညာဉ်မှတ်တမ်းမှာ ဂျပန်နိုင်ငံသူနိုင်ငံသား ၂၄၆၆၀၀၀ ရဲ့ အမည်တွေ မှတ်တမ်းတင်ထားပါတယ်။

ဂျပန်လက်နက်ချခြင်းအထိမ်းအမှတ်နေ့ကျင်းပတိုင်း၊ ဂျပန်အစိုးရအဆက်ဆက် ယာဆူကူနီဂူဗိမာန်ကို သွားရောက်ဂါရဝပြုတိုင်း ပြုတိုင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်များရဲ့ ကျူးကျော်ဝင်ရောက်မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရတဲ့ တရုတ်၊ ကိုရီးယား စတဲ့နိုင်ငံတွေက အပြင်းအထန် ကန့်ကွက်ခဲ့ကြပါတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ ဒုတိယကမ္ဘာစစ်ကာလအတွင်း အာရှနိုင်ငံတွေမှာ စစ်ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တဲ့ တရားခံ ၁၄ ဦးကိုလည်း ဒီယာဆူကူနီ ဂူဗိမာန်မှာပဲ မြှုပ်နှံထားလို့ဖြစ်ပါတယ်။ ဒါကြောင့် ယာဆူကူနီ ဂူဗိမာန်ကို ဂျပန်အစိုးရအဖွဲ့က နှစ်စဉ် ဂါရဝပြုနေတာဟာ ၎င်းတို့ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကို ဂုဏ်တင်ရာရောက်တယ်လို့ ဂျပန်ရဲ့ သိမ်းပိုက်မှုကို ခံခဲ့ရတဲ့ အာရှနိုင်ငံတွေက မြင်ပါတယ်။

နှစ်စဉ်နှစ်တိုင်း အိမ်နီးချင်းနိုင်ငံတွေနှင့် အာရှနိုင်ငံတွေရဲ့ ခါးခါးသီးသီး ကန့်ကွက်မှုတွေကြားက နှစ် ၂၀ ကျော်မျှ ဂျပန်အစိုးရအဖွဲ့ အဆက်ဆက်က လုပ်ဆောင်ခဲ့တဲ့ အစဉ်အလာကို ယခုနှစ်မှာ ဝန်ကြီးချုပ် နာအိုတိုကန်ရဲ့ ဂျပန်အစိုးရအဖွဲ့က ကျောခိုင်းလိုက်တာပါ။ ယာဆူကူနီ ဂူဗိမာန်ကို သွားရောက်မယ့်အစား ဂျပန်ဝန်ကြီးချုပ်က လွန်ခဲ့တဲ့ (၆၅)နှစ် လောက်က ဂျပန်လက်နက်ချကြောင်း ကြေညာခဲ့တဲ့ ဂျပန်ဧကရာဇ် ဟီရိုဟီတိုရဲ့ သားတော် ယခုလက်ရှိ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုနှင့်အတူ တိုကျိုမှာ ကျင်းပခဲ့တဲ့ ဂျပန်လက်နက်ချခြင်း (၆၅) နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားကိုသာ တက်ရောက်ခဲ့ပါတယ်။

ဒါဟာ ဂျပန်နိုင်ငံရဲ့ အာရှမူဝါဒ အပြောင်းအလဲနဲ့ ဂျပန်နှင့် အိမ်နီးချင်း အာရှနိုင်ငံတွေအကြား ပြောင်းလဲလာတဲ့ မဟာဗျူဟာ ဆက်ဆံရေးအခြေအနေကို ဖော်ညွှန်းနေပါကြောင်း။

ဗျည်းနွဲ့

သဘာဝ ဘေးအန္တရာယ်သတင်းများ   သဘာဝ ဘေးအန္တရာယ်သတင်းများ

တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ် မိုးအဆက်မပြတ်ရွာသွန်းဆဲ တရုတ်နိုင်ငံသား ၉၄၀၀၀ ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရ

ပေကျင်း ဩဂုတ် ၂၂

တရုတ်နိုင်ငံမြောက်ပိုင်း မြောက်ကိုရီးယားနယ်စပ်ရှိ ဒန်တုန်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ယာလူးမြစ်ရေမြင့်တက်ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပွားသောကြောင့် လူလေးဦး သေဆုံးခဲ့ရပြီး ၉၄၀၀၀ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဩဂုတ် ၂၂ရက်သတင်းများတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနှင့် တရုတ်နယ်စပ်တစ်လျှောက်တွင် ဩဂုတ် ၂၂ ရက်က မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းခဲ့သော်လည်း ယာလူးမြစ်နှင့် ၎င်း၏ မြစ်လက်တက်များသည် စိုးရိမ်ဖွယ်ရေလက်မအောက် ကျဆင်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။

ရေလွှမ်းမိုးမှုကြောင့် အသက် ၇၀ အရွယ် ဇနီးမောင်နှံနှစ်ဦးအပါအဝင် တရုတ်နိုင်ငံသားလေးဦး သေဆုံးခဲ့ကြောင်းဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ရေလွှမ်းမိုးမှုကြောင့် ယာလူးမြစ်နှင့် ဒန်တုန်းမြို့ စီးပွားရေးဇုန်အကြားတွင် ရေလွှမ်းလွင်ပြင်တစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများ၏ အဆိုအရသိရသည်။

မြောက်ကိုရီးယားနိုင်ငံ စင်အူဂျူမြို့မှ နေအိမ်များ၊ အစိုးရဌာနများ၊ အများပြည်သူဆိုင်ရာနေရာများ၊ လယ်ယာမြေများနှင့် ကျေးရွာငါးရွာတို့ ပျက်စီးခဲ့ကြောင်း မြောက်ကိုရီးယားသတင်းဌာနများက ဖော်ပြသည်။ ***အေပီ။***

ရေလွှမ်းမိုးမှုကြောင့် ပါကစ္စတန်၏ စီးပွားရေးအကြီးအကျယ်ထိခိုက်နိုင်

အစ္စလာမ္မာဘတ် ဩဂုတ် ၂၂

ရေလွှမ်းမိုးမှုပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရသော ပါကစ္စတန်နိုင်ငံသည် ကြီးမာခက်ခဲသော စီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ကပြောကြားသည်။

ပါကစ္စတန် ရေဘေးသင့်ဒုက္ခသည်များ ပြန်လည်ထူထောင်ရေးအတွက် ကုန်ကျမည့် စရိတ်အဝဝသည် ဒေါ်လာ ၁၅ ဘီလီယံရှိမည်ဖြစ်ကြောင်း ပါကစ္စတန် အစိုးရက ကြေညာခဲ့ပြီး နောက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ အသုံးစရိတ်နှင့် ဘဏ္ဍာရေးဆိုင်ရာ လျာထားချက်များကို လေ့လာသုံးသပ်မည်ဖြစ်သည်။

ထွက်ပြေးတိမ်းရှောင်

အာရေးဗီးယန်းပင်လယ်ပြင် အနားနီးလေ အိန္ဒုမြစ်ရေသည် ပိုမိုမြင့်တက်လာလေ ဖြစ်သောကြောင့် ပါကစ္စတန် တောင်ပိုင်းဒေသများရှိ ဒေသခံ ထောင်ပေါင်း များစွာတို့သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင် နေကြရကြောင်း သိရသည်။

ထွက်ခွာခြင်းမရှိ

အိန္ဒုမြစ်ရေလျှံ၍ ရေလွှမ်းမိုးမှုကြောင့် ပါကစ္စတန်၏ အဓိက စိုက်ပျိုးရေးဒေသဖြစ်သော ပန်ဂျပ်ပြည်နယ်သည် အထိနာဆုံးဖြစ်ခဲ့ရပြီး ဝါဂွမ်းနှင့် စပါးစိုက်ခင်းများ ပျက်စီးခဲ့ရသည်။ လယ်သမားများသည် ၎င်းတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ရှင်သန်လို ရှင်သန်ငြား မျှော်လင့် ချက်ဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဒေသ များမှ ထွက်ခွာခြင်းမရှိသေး ကြောင်းသိရသည်။ ***အေအက်ဖ်ပီ။***

မကွေးနှင့် ဇေယျာရွှေမြေတို့ နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၂၂

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၃)ကို ယနေ့ ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်း၌ မကွေး F.C က Southern Myanmar ကို နှစ်ဂိုး-တစ်ဂိုး၊ ဗထူးကွင်းတွင် ဇေယျာရွှေမြေအသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)

မကွေး F.C - နှစ်ဂိုး
(ခိုင်ဇော်ထွန်းနှင့်အောင်မြင့်အေး)

မကွေးမှ စိုးမင်းနိုင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern ဂိုးသမား ဇာနည်မင်း ကာကွယ်စဉ်။
(ကြေးမုံ)

Southern Myanmar - တစ်ဂိုး
(ကလစ်ဖို့ဒ်)

ပွဲကျပ်ကာလတွင် မကွေးအသင်းမှာ အဖိုးတန်နိုင်ပွဲ ရယူနိုင်ခဲ့သောကြောင့် ထိပ်ဆုံးမှအသင်းများကို ဖိအားပေးနိုင်ခဲ့ပြီး စတုတ္ထနေရာမှ Southern အသင်းကို တစ်ပွဲလျော့ အမှတ်တူဖြင့် ခြိမ်းခြောက်နိုင်ခဲ့သည်။ Southern Myanmar အသင်းမှာ နောက်ခံလူ ဂျက်ဆင်မှလွဲ၍ လူစုံပါဝင်ခဲ့သော်လည်း ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်၍ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ထိပ်ဆုံးမှအသင်းများကို အမီလိုက်ရန်အတွက် နှစ်သင်းစလုံး အားကုန်ထုတ် ကစားခဲ့ကြသော်လည်း အသင်းလိုက်အတွဲမမိဖြစ်နေသည့် Southern အသင်း၏ ကစားပုံကြောင့် မကွေးအသင်း ပိုဖိကစားနိုင်ခဲ့သည်။ လူစုံပါဝင်လာသည့် မကွေးအသင်းမှာ ပိုဖိကစားနိုင်ခဲ့ပြီး ၁၈ မိနစ်တွင် အဘိုးလာဂျီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ခိုင်ဇော်ထွန်းက မကွေးအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ Southern အသင်း တိုက်စစ်ဖွင့်ကစားရာ Counter ပေါက်ပြီး ၃၄ မိနစ်တွင် ဒုတိယဂိုး ထပ်ပေးလိုက်ရသည်။ ခိုင်ဇော်ထွန်း၏ ပေးပို့မှုမှတစ်ဆင့် အောင်မြင့်အေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် Southern အသင်း ချေပဂိုးရရှိရန် တိုက်စစ်အား မြင့်လာခဲ့သလို ပထမပိုင်းတွင် အလုပ်မဖြစ်ခဲ့သည့် တောင်ပံနှစ်ဖက်ကိုလည်း လူအပြောင်းအလဲ လုပ်ခဲ့ရာ ကစားပုံ ပိုကောင်းလာခဲ့သည်။ တိုက်စစ်မှူး ဖရန့်ဆီတာနှင့် ထွန်းမင်းနိုင်တို့ အပိုင်အခွင့်အရေးများ ရသော်လည်း လွဲချော်ခဲ့၍ Southern နစ်နာခဲ့ရသည်။ Southern အတွက် ချေပဂိုးတစ်ဂိုးကို ၆၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် နောက်ခံလူ ကလစ်ဖို့ဒ်က သွင်းယူပေးခဲ့သည်။

(ဗထူးကွင်း)

ဇေယျာရွှေမြေ - နှစ်ဂိုး
(ဗစ်တာနှင့် ဒရာဂန်)
နေပြည်တော် - တစ်ဂိုး
(မာတင်)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
ဥဿာယူနိုက်တက် - မနောမြေ

(ကြေးမုံ)

စိန့်ဂျိမ်းပတ်ခ်တွင် နယူးကာဆယ်ခြေစွမ်းပြပြီး ဗီလာကို ခြောက်ဂိုးပြတ်သွင်း အနိုင်ယူ

လန်ဒန် ဩဂုတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၂) ဒုတိယနေ့ရဲ့ အစောပိုင်းပွဲစဉ်အဖြစ် နယူးကာဆယ်နဲ့ ဗီလာတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်က ခြောက်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ပထမပွဲထွက်

အိမ်ရှင် နယူးကာဆယ်အသင်းမှာ ကိုလိုစီနီ၊ ဆန်ချက်ဇ်၊ ဂျိမ်းစ်ပီရတ်ခ်ျ၊ ဘာတန်၊ ဂူတီရာရစ်၊ နိုလန်၊ အလန်စမစ်၊ ရှလက်ဒ်၊ အင်ဒရူးကာရိုးစတဲ့ အဓိက ကစားသမားများ ပါဝင်လာခဲ့ပြီး ဧည့်သည် ဗီလာမှာတော့ လုခ်ယန်း၊ ဒေါင်းနင်း၊ ဒန်း၊ ဝါနော့ခ်၊ ပီးထရော့ဗ်၊ အိုင်ယာလန်၊ အက်ရှ်လေယန်းနဲ့ ဂွါန်ကာရူးတို့ ပထမပွဲထွက်စာရင်းမှာ ပါဝင်လာခဲ့ပါတယ်။

ဝေးကွာခဲ့

အဖွင့်ပွဲစဉ်မှာ မန်ယူကိုရှုံးထားတဲ့ နယူးကာဆယ်ဟာ ဒီပွဲမှာ ရလဒ်ကောင်း ပြန်ရရှိရေး အစွမ်းကုန် ကြိုးစားလာခဲ့ပါတယ်။ ဗီလာကလည်း နိုင်ပွဲဆက်ရေး အားထုတ်လာတာကြောင့် ပွဲဟာ အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းတဲ့ ပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ ပွဲချိန် ၁၀မိနစ်မှာ ဗီလာ တောင်ပံကစားသမား အက်ရှ်လေယန်းကို နယူးကာဆယ်ဂိုးသမားဟာပါးလက်နဲ့တားပြီး ဆွဲလှဲသလိုဖြစ်ခဲ့တာကြောင့် ဗီလာ ပယ်နယ်တီကန်ခွင့် ရခဲ့ပါတယ်။

ဒီပယ်နယ်တီကို တိုက်စစ်မှူး ဂွါန်ကာရူး ကန်ခဲ့ပေမယ့် ဂိုးဘားအပေါ် အတော်များများ ကျော်သွားခဲ့တာကြောင့် ဗီလာတို့ ဦးဆောင်ဂိုးနဲ့ ဝေးကွာခဲ့ရပါတယ်။

နယူးကာဆယ်အတွက် ဟက်ထရစ် သွင်းပေးခဲ့သည့် အင်ဒရူးကာရိုး။

ပွဲချိန် ၁၀ မိနစ်နောက်ပိုင်းမှာ အိမ်ရှင် နယူးကာဆယ် ကစားကွက်မိလာပြီး ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့တာကြောင့် ပွဲချိန် ၁၂ မိနစ်မှာ ကွင်းလယ်ကစားသမား ဘာတန်က ဂိုးစည်းထိပ်ကနေ အပြင်းကန်သွင်းပြီး နယူးကာဆယ်အတွက် အဖွင့်ဂိုးကို ရယူနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ၃၁ မိနစ်မှာ နိုလန်က ခေါင်းတိုက်ပြီး နယူးကာဆယ်အတွက် ဒုတိယဂိုးနဲ့ ၃၄ မိနစ်မှာ တိုက်စစ်မှူး အင်ဒရူးကာရိုးက တတိယဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဗီလာဟာ အိမ်ရှင်ဘက်ကို ချေပဂိုး ပြန်လည်သွင်းယူနိုင်ခြင်း မရှိဘဲ ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးခဲ့ရပါတယ်။

ဂိုးပြတ်အနိုင်ရ

ဒုတိယပိုင်းပြန်အစမှာ ဧည့်သည် ဗီလာ ခြေကုန်ထုတ်ကြိုးစားလာပေမယ့် နယူးကာဆယ်ရဲ့ တိုက်စစ်ကိုသာ ခုခံကာကွယ်နေခဲ့ရတာက များနေပါတယ်။ ဒီနေ့ပွဲမှာ နယူးကာဆယ် ကွင်းလယ်ကစားသမား ဘာတန် အထူးခြေစွမ်းပြကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဗီလာဟာ ပထမပိုင်းက ပေးထားရတဲ့ သုံးဂိုးကို ပြန်လည်ချေပရေး ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၆၇ မိနစ်မှာ အင်ဒရူးကာရိုးက နယူးကာဆယ်အတွက် စတုတ္ထဂိုး၊ ၈၇ မိနစ်မှာ နိုလန်က ပဉ္စမဂိုးနဲ့ မိနစ် ၉၀ မှာ အင်ဒရူးကာရိုးက ဆဋ္ဌမဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ နယူးကာဆယ်က ဗီလာကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။

အင်တာနက်။

အခြားပွဲ ရလဒ်
ဖူလ်ဟမ် ၂ - ၂ မန်ယူ

ဝင်းတင်(ကြေးမုံ)

BAWANG ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ရှင်းလင်းချက်နှင့်အများသိစေရန် သတိပေးကြော်ငြာချက်

ဈေးကွက်အတွင်းတွင် မီဒီယာတချို့မှ BAWANG ခေါင်းလျှော်ရည်ကုန်အမှတ်ပစ္စည်းကို မဟုတ်မမှန်သတင်းများ ထွက်ဆိုလျက်ရှိခဲ့ပါသောကြောင့် မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Golden Alliance Co.,Ltd. မှ ဖြေရှင်းချက်ထုတ်ပြန်အသိပေးရှင်းလင်းကြော်ငြာခြင်းဖြစ်ပါသည်။ BAWANG Shampoo သည် ဟောင်ကောင်၊ တရုတ်၊ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများရှိ ဆေးဝါးနှင့်အစားအသောက်စိစစ်ရေးဆိုင်ရာ ဥပဒေနှင့်အညီထုတ်လုပ်ထားသော ကုန်ပစ္စည်းဖြစ်ပြီး ၎င်းတို့၏ထောက်ခံချက်အသီးသီးကိုလည်းရရှိပြီးဖြစ်ပါသည်။ ၂၀၁၀ ဇူလိုင်လဆန်းပိုင်းတွင် မီဒီယာတစ်ခုမှပြောဆိုလာသည့် ကောလာဟလသတင်းများကြောင့် ဟောင်ကောင်နှင့် တရုတ်ပြည် SFDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ထပ်မံစစ်ဆေးပြီး ၁၆-၇-၂၀၁၀ ရက် BAWANG Shampoo မှာ ဆံသားနှင့် ဦးရေပြားကျန်းမာရေးအတွက် ဆိုးကျိုးကင်းစင်ကြောင်းကို တရားဝင်ထပ်မံအတည်ပြု ကြော်ငြာပေးခဲ့သည်။ ထို့ကြောင့် ဝယ်ယူသုံးစွဲအားပေးလျက်ရှိသူအပေါင်းတို့အား အထင်အမြင်လွဲမှားမှုမရှိစေရန်နှင့် ကုန်ပစ္စည်း၏အရည်အသွေးကို ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ယခုအခါ မြန်မာပြည်ဈေးကွက်အတွင်းတွင် BAWANG Shampoo ကုန်အမှတ်တံဆိပ်ကိုအသုံးပြုပြီး ဘူးပုံစံ၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အရည်အသွေးမပြည့်ဝသော ကုန်ပစ္စည်းအတုများ တရားမဝင်ဖြန့်ဖြူးရောင်းချလျက်ရှိနေကြောင်း သိရှိရပါသည်။ သို့ပါ၍ ဝယ်ယူသုံးစွဲသူများအနေဖြင့် Golden Alliance Co.,Ltd. မှ တင်သွင်းသော ကုန်ပစ္စည်းအစစ်အမှန်မှာ အောက်ပါအချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသုံးစွဲနိုင်ပါသည်။

၁။ BAWANG ကုန်ပစ္စည်းအစစ်များ၏ ဘူးနောက်ကျောဘက်တွင် Distributed & Marketed By Golden Alliance Co.,Ltd. စာတမ်းပါရှိပါသည်။

၂။ ဘူးခွံ၏ပတ်ပတ်လည်တွင် အင်္ဂလိပ်စာသားများဖြင့်သာ ရေးသားဖော်ပြထားပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၄)၊ (၄၊ ၅၊ ၆)လွှာတွင်တည်ရှိနေသော Golden Alliance Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးရန်ပိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။ BAWANG ကုန်အမှတ်တံဆိပ်အမှတ်အသားကို Hong Kong Bawang International Trading Limited မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၂၈၂/၀၇ဖြင့် မှတ်ပုံတင်ထားပြီး ၂၁-၂-၂၀၀၉ ရက်တွင် Golden Alliance Co.,Ltd. မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ခေါင်းလျှော်ရည်အမျိုးမျိုးနှင့်အလှကုန်အမျိုးမျိုးတို့ကို တရားဝင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

သို့ပါ၍ မည်သူမဆို ဖော်ပြပါ BAWANG ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပပြုလုပ်သုံးစွဲခွင့်မရှိကြောင်းနှင့် Bawang ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လက်ရှိ အတုအပဖြန့်ဖြူးရောင်းချနေသူများ၊ တရားမဝင်တင်သွင်းထုတ်လုပ်ရောင်းချနေသူများ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေနိုင်သည့်ပုံစံများဖြင့် လက်ဝယ်ထားသုံးစွဲရောင်းချနေသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Golden Alliance Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းလှိုင် (LL.B,D.B.L,D.I.L,D.M.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၅၆)
အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်း(၆)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၂၆၉၂၇

golden alliance co.,ltd.

ဂါရဝပြုကျေးဇူးတင်လွှာ

ပါမောက္ခ **ဒေါက်တာ မြသိန်းဟန် မှ သုခကမ္ဘာ အထူးကုဆေးခန်း၌ ၂၅-၇-၂၀၁၀ ရက်တွင်** ခွဲစိတ်ကုသပေးပါသဖြင့် ကျန်းမာရွှင်လန်းစွာ ဘဝခရီးဆက်လျှောက်နိုင်သည့်အတွက် ဂါရဝပြု အထူးကျေးဇူးတင်ရှိပါကြောင်း။

ဝင်းမောင်ထွန်း
မန္တလေးသစ်စက်

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးဝေယံအောင်သည် ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ကစားဖော်များဖြစ်သော Dr. မောင်လှ၊ ဦးဇော်ထွန်း၊ ဦးကျော်ဝင်း၊ ဦးထွန်းထွန်းလင်း (Poe Poe Viedo Production) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist ProV1 No.1 ဘောလုံးကို Srixon ZR.800 Iron (9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၈ ကိုက်အကွာမှ ကျင်းအမှတ်(၁၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

ရန်ကုန်ဂေါက်အသင်းမှာ ၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ကျင်းအမှတ် ၄၊၈၊၁၁၊၁၅ လေးကျင်းစလုံး Hole In One ရခဲ့သူမှာ ဦးဝေယံအောင် တစ်ဦးတည်းသာဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရ ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ပန်ဒါဟိုတယ် (၁၂)ထပ်ရှိ ပတ္တမြားခန်းမ၌ ဒေါက်တာဒေါ်မာလာကြည် (ဘွဲ့လွန် ကထိက၊ သွားဖုံးရောဂါပညာ)က Halitosis ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဦးကိုကို (ဘွဲ့လွန်ကထိက၊ ဌာနမှူး၊ သွားတုပညာဌာန)က A review on disinfection of dental impression ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောကြမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများနှင့် စိတ်ပါဝင်စားသူများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပန်းပင်များပျိုးထောင်ထားရှိမှုကို ဇူလိုင် ၂၅ ရက်တွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

BVS 82 Batch မွေးမြူ/ဆေးကု ဆရာဝန်များ အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၂၂

၁၉၈၂ ခုနှစ် ဘွဲ့ရ မွေးမြူ/ဆေးကု ဆရာဝန်များသည် နိုဝင်ဘာလတွင် ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါ၍ ဒေါက်တာဝင်းမြင့်(Fortune) ဖုန်း-၀၉-၅၀၁၄၆၄၅၊ ဒေါက်တာသန်းအောင်စိုး (NHL) ဖုန်း-၀၉-၅၀၂၅၈၅၂၊ ဒေါက်တာထွန်းအောင်(LBVD) ဖုန်း-၀၉-၈၇၀၀၅၃၄၊ ဒေါက်တာစန်းဦး ဖုန်း-၀၁-၂၅၃၉၀၆၊ ဒေါက်တာမြင့်လွင်(မန္တလေး) ဖုန်း-၀၉-၆၅၀၀၁၃၀၊ ဒေါက်တာလှဲ့လှဲ့ဝင်း ဖုန်း-၀၉-၅၀၆၉၃၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပုဗ္ဗန်တောင်မြို့နယ် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ထူးထောင်ရေး သင်တန်းနှင့် စံပြကျောင်း ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က အလက(၂)ပုဗ္ဗန်တောင်၌ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးစံပြ ပထမဆုရ အမက(၆)ပုဗ္ဗန်တောင်ကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ရင်မြင့် ဆုချီးမြှင့်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဆုလက်ခံယူစဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ နည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူး မြင့်အေးက မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအကြောင်း **(ယာပုံ)** နှင့် ဒုတိယရဲအုပ်အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ ဒုတိယရဲအုပ် အောင်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ (၃၀၇)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)၂၃-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ တရားတော် (မင်္ဂလသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှူကမ္ဘာ (မျက်စိမှေးသူအားခြယ်သခြင်း)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပထမတန်း-သင်္ချာ)တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (စိတ်ဖိစီးမှုနှင့် ခေါင်းကိုက်ခြင်း)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၁) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ နှလုံးသားအကွာရာ (ဇာတ်သိမ်းပိုင်း) တေးပဒေသာ
၇း၄၀	ရွှင်လန်းစေချင်သောတရှင် (ပဥ္စမမြောက်နိဗ္ဗာန်ဘုံကအပြန်) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင်မင်းမော်ကွန်းတို့မိသားစု)
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်နယ်အတွင်း ထာဝရတည်ငြိမ်အေးချမ်းရေးကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တရားဝင်လက်နက်ကိုင်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခွင့်ရရှိကြတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲလုပ်ဆောင်ခဲ့ကြသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများအား ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်ရရှိသည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ လုပ်ဆောင်နေစဉ်ကာလအတွင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)အဖွဲ့၏ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ဒေသခံပြည်သူ့စစ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➢

မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ကျင်းပသည့် နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။

(သတင်းစဉ်)